ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၉ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | တရုတ်နိုင်ငံ ဟောင်ကောင်အုပ်ချုပ်ခွင့်ရအထူးဒေသတွင် နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ (International Organization for Mediation - IOMed) တည်ထောင်ခြင်း။ | ၂ - ၃ |
| ၂။ | အာဆီယံဆိုက်ဘာမှုခင်းဆိုင်ရာဥပဒေအရာရှိများစကားဝိုင်းအစည်းအဝေး။ | ၄ - ၅ |
| ၃။ | အွန်လိုင်းပေါ်တွင် လိင်ပိုင်းဆိုင်ရာထိခိုက်နှောင့်ယှက်မှုများ၊ အန္တရာယ်ပြုမှုများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရန် အဆိုပြုတင်ပြခြင်း။ | ၆ - ၇ |
| ၄။ | အမေရိကန်နိုင်ငံ၊ကယ်လီဖိုးနီးယားပြည်နယ်တွင် ပုဂ္ဂလိကကျောင်းများအတွက် ကလေးသူငယ်ဘေးကင်းရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းခြင်း။ | ၈ - ၁၀ |
| ၅။ | ဥရုဂွေးနိုင်ငံတွင် ဂုဏ်သိက္ခာရှိစွာ အသက်သေဆုံးခွင့်ပြုသည့်ဥပဒေကို အတည်ပြုခြင်း။ | ၁၁-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၃ ) အမှတ် ( ၂၉ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်

## တရုတ်နိုင်ငံ ဟောင်ကောင်အုပ်ချုပ်ခွင့်ရအထူးဒေသတွင် နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ (International Organization for Mediation-IOMed ) တည်ထောင်ခြင်း

၂၀.၁၀.၂၀၂၅ ရက်နေ့တွင် နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ (International Organization for Mediation-IOMed)ကို တရုတ်နိုင်ငံ ဟောင်ကောင်အုပ်ချုပ်ခွင့်ရအထူးဒေသတွင် ဖွင့်လှစ်ခဲ့ပါသည်။ ထိုအဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်ရန်အတွက် နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ တည်ထောင်ရေးစာချုပ်ကို (Convention on the Establishment of the International Organization for Mediation)တရုတ်နိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံ၊ နီကါရာဂွါနိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ ကီရီဘာတီနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ကင်ညာနိုင်ငံနှင့်ဒိုမေနီကာနိုင်ငံ ၈ နိုင်ငံက အဖွဲ့အစည်း တည်ထောင်သည့် စာချုပ်ဝင်နိုင်ငံများအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် နိုင်ငံ ၃၇ နိုင်ငံက လက်မှတ်ရေးထိုးထားပြီး အတည်ပြုလက်မှတ်ရေးထိုးရန် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။မြန်မာနိုင်ငံအနေဖြင့်လည်း ၂၈.၈.၂၀၂၅ ရက်နေ့တွင် ယင်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့တည်ထောင်ရေးစာချုပ်သည် ၂၉.၈.၂၀၂၅ တွင် အသက်ဝင်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့(International Organization for Mediation-IOMed ) တည်ထောင်ခြင်းမှာ အဖွဲ့ဝင်နိုင်ငံများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းဖြင့် နိုင်ငံအချင်းချင်းကြားဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဖွဲ့စည်းကြောင်း သိရှိရပါသည်။

နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့(International Organization for Mediation-IOMed ) သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်းကြားဖြစ်ပွားသော အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းဖြင့် ဖြေရှင်းခြင်း၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းကြား ဖြစ်ပွားသော စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းခြင်းဖြင့်ဖြေရှင်းခြင်းနှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်းကြားဖြစ်ပွားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၉ )　　၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်

နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့(International Organization for Mediation-IOMed ) တွင် အုပ်ချုပ်မှုကောင်စီနှင့် အတွင်းရေးမှူးချုပ်ရုံး တို့ရှိပြီး အုပ်ချုပ်မှုကောင်စီသည် မူဝါဒချမှတ်ခြင်းနှင့် မဟာဗျူဟာမြောက် စီမံဆောင်ရွက်ခြင်းတို့အတွက် တာဝန်ရှိမည်ဖြစ်ပါသည်။ အုပ်ချုပ်မှုကောင်စီကို အဖွဲ့ဝင်နိုင်ငံများမှ တစ်နိုင်ငံလျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်ပြီး ၎င်းတို့အနက်မှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်ဆောင်ရွက်မည်ဖြစ်ပါသည်။ အတွင်းရေးမှူးချုပ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်များသည် နေ့စဉ်လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့၏သက်တမ်းမှာ ၅ နှစ်ဖြစ်ပါသည်။

ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ (IOMed)ကို တည်ထောင်ခြင်းသည် ကမ္ဘာ့တစ်ဝန်းစီမံခန့်ခွဲမှု၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ သံတမန်ရေးရာတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ အာရှပစိဖိတ်ဒေသတွင် ဒေသတွင်းထိပ်တန်းမှဦးဆောင်ရပ်တည်နိုင်ရေးနှင့် အချက်အခြာဒေသဖြစ်လာစေရေးတို့အတွက် ရည်ရွယ်၍ တည်ထောင်ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.international-mediation.org/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၉ )　　　　၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်

## အာဆီယံ ဆိုက်ဘာမှုခင်းဆိုင်ရာဥပဒေအရာရှိများ စကားဝိုင်း အစည်းအဝေး (ASEAN Cybercrime Prosecutors Roundtable Meeting – ACPRM)

10th Singapore International Cyber Week 2025 ကို စင်ကာပူနိုင်ငံတွင် အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့ပြီး ယင်း၏အစီအစဉ်များအနက်မှတစ်ခုဖြစ်သည့် အာဆီယံ ဆိုက်ဘာမှုခင်းဆိုင်ရာဥပဒေအရာရှိများစကားဝိုင်းအစည်းအဝေး(ACPRM)ကို အောက်တိုဘာလ ၂၂ ရက်နေ့တွင် စင်ကာပူနိုင်ငံရှိ Sands Expo and Convention Center တွင် ကျင်းပခဲ့ပါသည်။ 10th Singapore International Cyber Week 2025 တွင် အစီအစဉ် (၇) ရပ်ပါဝင်ပြီး အစီအစဉ် အားလုံးကို Cyber Security Agency of Singapore မှ ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အာဆီယံဆိုက်ဘာမှုခင်းဆိုင်ရာဥပဒေအရာရှိများစကားဝိုင်းအစည်းအဝေး (ACPRM) သည် ၂၀၁၇ ခုနှစ်တွင်ကျင်းပခဲ့သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာအာဆီယံဝန်ကြီးများအစည်းအဝေးအရ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး Digital Literacy နှင့် အင်တာနက်ချိတ်ဆက်အသုံးပြုမှုများပြားလာသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများအတွင်း ဆိုက်ဘာမှုခင်းဖြစ်ပွားမှုနှုန်းမြင့်မားလာခြင်းအပေါ် ပူးပေါင်း ဖြေရှင်းရန် အာဆီယံဆိုက်ဘာမှုခင်းဆိုင်ရာဥပဒေအရာရှိများ စကားဝိုင်းအစည်းအဝေး (ACPRM)ကို ကျင်းပရခြင်းဖြစ်သည်။

ထိုအစည်းအဝေး၏ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများအတွင်း ဆိုက်ဘာမှုခင်းများနှင့် စပ်လျဉ်း၍ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် တရားစွဲအဖွဲ့အစည်းများအတူတကွ စုပေါင်းဆွေးနွေး နိုင်ရန်၊ အကြံပေးနိုင်ရန်၊ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်နှင့် ဆိုက်ဘာပြစ်မှုများကို စစ်ဆေးခြင်း နှင့်ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန်ဖြစ်သည်။ နိုင်ငံတကာတွင် ဆိုက်ဘာရာဇဝတ်မှုဖြစ်ပွားနှုန်းမြင့်တက်ခြင်းနှင့်အတူ နယ်စပ်ဖြတ်ကျော်မှုခင်းများပေါ်ပေါက် လျက်ရှိရာ ဆိုက်ဘာမှုခင်းဆိုင်ရာဥပဒေအရာရှိများစကားဝိုင်းအစည်းအဝေး (ACPRM) ကျင်းပခြင်းဖြင့် တက်ရောက်သူဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားစွဲအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကြောင့် အာဆီယံဒေသတွင်းနိုင်ငံများရှိဥပဒေစနစ် ပိုမိုခိုင်မာလာစေသည်။ စီးပွားရေးအရ အာဆီယံ

ဈေးကွက်များတွင် လက်တွေ့လုပ်ဆောင်နေသည့် တရားစွဲအဖွဲ့အစည်းနှင့်ရှေ့နေများအတွက် ဆိုက်ဘာရာဇဝတ်မှုများအပေါ် အရေးယူရာတွင်လည်းကောင်း၊ တရားစွဲလုပ်ငန်းစဉ်နှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ပုံမှန်အရေးယူမှုများကိုလည်းကောင်းဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြင့်မားစေပါသည်။ အဆိုပါ အစည်းအဝေးသည် ဒေသတွင်းနိုင်ငံများအတွင်း တည်ငြိမ်အေးချမ်းရေး၊ သတင်းအချက်အလက်မျှဝေရေးနှင့် ဥပဒေ၊လုပ်ထုံးလုပ်နည်းများကွာဟမှုကို အနီးစပ်ဆုံးဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ရေး အတွက်လည်း အထောက်အကူဖြစ်စေပါသည်။

ACPRM သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ASEAN+3 နိုင်ငံများရှိ ဆိုက်ဘာရာဇဝတ်မှု ဆိုင်ရာတရားစွဲဆိုမှုများတွင် အထူးကျွမ်းကျင်သူများအတွက် အကြံဉာဏ်များစုစည်းမျှဝေရန် ဥပဒေအရာရှိအသိုင်းအဝိုင်းအတွက် ပလက်ဖောင်းတစ်ခုအဖြစ် ပံ့ပိုးမှုပေးပါသည်။ အစည်းအဝေးသို့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာမှုခင်းများဖြေရှင်းရာတွင်အသုံးဝင်သည့် အတွေ့အကြုံကောင်းများကို ဖလှယ်ရန်၊ မူဝါဒများချမှတ်နိုင်ရန်အတွက် မူဝါဒချမှတ်သူများ၊ သံတမန်များ၊ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားစွဲအဖွဲ့အစည်းများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ Singapore International Cyber Week ၏ ဆက်စပ်အစည်းအဝေးအဖြစ် နှစ်စဉ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: https://www.sicw.gov.sg

## အွန်လိုင်းပေါ်တွင် လိင်ပိုင်းဆိုင်ရာထိခိုက်နှောင့်ယှက်မှုများ၊ အန္တရာယ်ပြုမှုများကို အကာအကွယ်ပေးနိုင်သည့်ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းရန် အဆိုပြုတင်ပြခြင်း

စင်္ကာပူနိုင်ငံတွင် online ဖြင့် ထိခိုက်နှောင့်ယှက်မှုများ၊ အန္တရာယ်ပြုမှုများနှင့်စပ်လျဉ်း၍ ကျူးလွန်ခံရသူများကို လုံခြုံမှုနှင့်အကာအကွယ်ရရှိစေရန် ဥပဒေကြမ်းတစ်ရပ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ လ ၁၅ ရက်နေ့က လွှတ်တော်၌ ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဥပဒေကြမ်းကို ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့က စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး ဥပဒေကြမ်းသည် အွန်လိုင်းပေါ်တွင် ထိခိုက်ခံရသူများကို အချိန်နှင့်တစ်ပြေးညီအကူအညီပေးနိုင်ရန်နှင့် နစ်နာသူများအတွက်ကုစားသည့်လုပ်ငန်းစဉ်များကိုစီမံခန့်ခွဲမည့် အွန်လိုင်းလုံခြုံမှုဆိုင်ရာကော်မရှင်အသစ်တစ်ရပ်ကို တည်ထောင်ရန်ရည်ရွယ်ထားကြောင်း တွေ့ရှိရပါသည်။

အွန်လိုင်းလုံခြုံမှုဆိုင်ရာကော်မရှင်ကို ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့်သတင်းအချက်အလက်ဆိုင်ရာဝန်ကြီးမှခန့်အပ်ထားသည့် ကော်မရှင်နာတစ်ဦးက ဦးဆောင်မည်ဖြစ်ပါသည်။ ကော်မရှင်သည် အွန်လိုင်းဖြင့် ထိခိုက်နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်မည်ဖြစ်ပြီး အဆိုပါညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက ရာဇဝတ်မှုကျူးလွန်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကော်မရှင်သည် လိင်ပိုင်းဆိုင်ရာအန္တရာယ်ပြုမှုများအပါအဝင် အွန်လိုင်းဖြင့် နှောင့်ယှက်အန္တရာယ်ပြုခြင်းများဖြစ်သည့် အွန်လိုင်းမှကိုယ်ရေးအချက်အလက်များကို ဖော်ထုတ်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် လိုက်လံစောင့်ကြည့်တိုက်ခိုက်ခြင်း၊ အွန်လိုင်းပေါ်တွင် အခြားသူ၏ပုံများကိုအသုံးပြု၍ မမှန်မကန်ဖန်တီးပြုလုပ်ခြင်းနှင့် ကလေးပုံများကိုအသုံးပြု၍ ကလေးသူငယ်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းစသည်တို့ကို ၂၀၂၆ ခုနှစ် ပထမ ၆ လပတ်အကုန်တွင် ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း ဦးစွာကြေညာထားပါသည်။ ထို့ပြင် ကော်မရှင်သည် အွန်လိုင်းဖြင့်အခြားသောအန္တရာယ်ပြုမှုများဖြစ်သည့် အွန်လိုင်းပေါ်တွင် အယောင်ဆောင်ခြင်း၊ ပစ္စည်းအလွဲသုံးစားပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာနှင့်သက်ဆိုင်သည့်

ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ထုတ်ဖော်ခြင်းစသည့်ကိစ္စရပ်များကိုလည်း တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားပါသည်။

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာဝန်ကြီးဌာနမှ မကြာသေးမီက ပြုလုပ်ခဲ့သောစစ်တမ်းများအရ စင်္ကာပူနိုင်ငံတွင်နေထိုင်သူ ၈၀ ရာခိုင်နှုန်းနီးပါးသည် အန္တရာယ်ရှိသော အွန်လိုင်းကိစ္စရပ်များနှင့်ကြုံတွေ့ခဲ့ရကြောင်း၊ လွန်ခဲ့သည့်နှစ်များတွင် လူဦးရေ ၃၀ ရာခိုင်နှုန်းကျော်သည် အန္တရာယ်ရှိသောအွန်လိုင်းအပြုအမူများကို ကြုံတွေ့ခဲ့ရကြောင်း၊ အွန်လိုင်းဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အများစုကြုံတွေ့ရလေ့ရှိသောပြဿနာများဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ရာ ယခုအဆိုပြုတင်ပြထားသည့်ဥပဒေကြမ်းသည် ကျူးလွန်ခံရသူများအတွက် ရှင်းလင်းမှုရှိသည့်အခြေခံဥပဒေတစ်ရပ်ကိုပံ့ပိုးပေးနိုင်ရန် ဥပဒေအရတာဝန်ရှိမှုများကိုလည်း ထည့်သွင်း ဖော်ပြသွားမည့်အပြင် အွန်လိုင်းအသုံးပြုသူများ၏အထောက်အထားအချက်အလက်များကို ထုတ်ဖော် သည့်ကျူးလွန်သူများအတွက် တာဝန်ရှိမှုများကို ပိုမိုမြင့်တင်သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရှိရ ပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.channelnewsasia.com/singapore/law-victims-online-harms-relief-redress-cyber-bullying-online-harassment-abuse-5400336

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၉ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်

## အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ပုဂ္ဂလိကကျောင်းများအတွက် ကလေးသူငယ်ဘေးကင်းရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ပုဂ္ဂလိကကျောင်းများအတွက်ကလေးသူငယ် ဘေးကင်းရေးဆိုင်ရာဥပဒေကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် အထက်လွှတ်တော်က ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ ကျောင်းအတွင်းရှိကလေးများကို ခြိမ်းခြောက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ကျောင်းဝန်ထမ်းများ၏မလျော်ညီသောအပြုအမူများမှ ကာကွယ်ရန် ဖြစ်သည်။ အစိုးရကျောင်းဝန်ထမ်းများသာမက ကိုယ်ပိုင်ကျောင်းများပါဝင်သော ပညာရေးအဖွဲ့အစည်း အားလုံးကိုထိန်းချုပ်ရန်ဖြစ်ပါသည်။

အဆိုပါဥပဒေတွင် ပညာရေးဝန်ထမ်းများကိုကြီးကြပ်သည့် ပညာရေးဆိုင်ရာရာထူးနေရာ များတွင် ပြင်းထန်သော သို့မဟုတ် ကြီးလေးသောရာဇဝတ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရသူများအား ခန့်အပ်ခြင်းမပြုရန်နှင့် အဆိုပါရာဇဝတ်မှုများဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောဝန်ထမ်းတစ်ဦးကို ပုဂ္ဂလိကကျောင်းများတွင် ဆက်လက်လုပ်ကိုင်ခြင်းမှလည်း တားမြစ်မည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကျောင်းများသည် ရာထူးနေရာလျှောက်ထားလာသူများအား ထည့်သွင်းစဉ်းစားရာတွင် အလုပ်နေရာ လျှောက်ထားသူသည် ပညာရေးဥပဒေပုဒ်မ ၄၄၉၃၂(က)(၁)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော အလုပ် နေရာလျှောက်ထားသူများသည် ဆိုးရွားသောအကျင့်သိက္ခာပျက်ပြားမှု (egregious misconduct)ဖြင့် တိုင်တန်းခံရသူများ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူများ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးရမည် ဖြစ်ပါသည်။

ဤဥပဒေအရ ကယ်လီဖိုးနီးယားရှိ ပုဂ္ဂလိကကျောင်းတစ်ခုစီတွင် သင်ကြားမှုနှင့်ကျောင်းတွင် နေထိုင်သွားလာမှုအတွက် ဘေးကင်းသောပတ်ဝန်းကျင်ကို မြှင့်တင်ပေးသည့်မူဝါဒများကို ထားရှိ စေရမည်။ ပုဂ္ဂလိကကျောင်းများသည် စာသင်ခန်းနှင့်ကျောင်းတွင်းရှိအခြားနေရာများကို လွယ်ကူစွာ စောင့်ကြည့်နိုင်ရန် ကျောင်းအဆောက်အဦများနှင့်ပတ်သက်သောမူဝါဒများ၊ အစီအမံများ သို့မဟုတ် သတ်မှတ်ချက်များကို ချမှတ်ရမည်ဖြစ်ပါသည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၉ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်


ဤဥပဒေတွင် ကျောင်းသားများ၏အုပ်ထိန်းသူများနှင့် ဆက်သွယ်ရန်လိုအပ်သည့်ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်များ၊စေတနာ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကကျောင်း၏တာဝန်ခံများအား ဤဥပဒေကြမ်းအရ လုပ်ပိုင်ခွင့်ရှိသော သတင်းထောက်များအဖြစ်သတ်မှတ်ထားသည်။ ၎င်းတို့သည် ကျိုးကြောင်းဆီလျော်စွာ သံသယရှိဖွယ်ဖြစ်သောကလေးသူငယ်များအား အလွဲသုံးစားပြုမှု/လျစ်လျူရှုမှုများအား ပြည်တွင်းဥပဒေအကောင်အထည်ဖော်ရေးအေဂျင်စီ သို့မဟုတ် သက်ဆိုင်ရာလူမှုဖူလုံရေးဌာနသို့အစီရင်ခံတင်ပြရန် လိုအပ်ပါသည်။

ဤဥပဒေတွင် အစိုးရကျောင်းဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းအတွက် တည်ဆဲဥပဒေသတ်မှတ်ချက်များကဲ့သို့ပင် ပုဂ္ဂလိကကျောင်းများသည်လည်း လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းအပါအဝင် ကလေးသူငယ်အလွဲသုံးစားလုပ်မှုဆိုင်ရာကာကွယ်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့၏ဝန်ထမ်းများအား နှစ်စဉ်သင်တန်းများပေးရန် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါသင်တန်းသည် စာသင်နှစ်တစ်ခုစီ၏ ပထမခြောက်ပတ်အတွင်း သို့မဟုတ် အလုပ်အကိုင်ရရှိပြီးနောက် ပထမခြောက်ပတ်အတွင်းတွင် ဖြစ်ရမည်ဖြစ်ပါသည်။

ဤဥပဒေသည် ကျောင်းသားများ၏လုံခြုံရေးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကာကွယ်ရေးအတွက် အရေးကြီးဆုံးဥပဒေတစ်ရပ်ဖြစ်လာပါသည်။ ဤဥပဒေမှတစ်ဆင့် ကယ်လီဖိုးနီးယားပြည်နယ်သည် ကျောင်းပညာရေးအဖွဲ့အစည်းများအတွင်း အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ ပုဂ္ဂလိကကျောင်းများ၏တာဝန်ယူမှုနှင့် ကလေးသူငယ်များအပေါ်အလေးထားရှိမှုကို ပုံဖော်စေမည့်ဥပဒေတစ်ရပ်ဖြစ်ပါသည်။ ဤဥပဒေသည် မိသားစုနှင့်ပညာရေးအဖွဲ့အစည်းများအကြား ကလေးသူငယ်များအပေါ် အကောင်းဆုံးစောင့်ရှောက်မှုကိုဖော်ပြထားပြီး ယဉ်ကျေးမှုကိုတန်ဖိုးထားသောဥပဒေတစ်ရပ်လည်းဖြစ်ပါကြောင်း သိရှိရပါသည်။


အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.aalrr.com/newsroom-alerts-4178
- https://calmatters.digitaldemocracy.org/bills/ca_202520260sb848

## ဥရုဂွေးနိုင်ငံတွင် ဂုဏ်သိက္ခာရှိစွာ အသက်သေဆုံးခွင့်ပြုသည့်ဥပဒေကိုအတည်ပြုခြင်း

ဥရုဂွေးနိုင်ငံတွင် ဆရာဝန်များ၏အကူအညီဖြင့် "ဂုဏ်သိက္ခာရှိစွာ အသက်သေဆုံးခွင့်" ကို တရားဝင်ခွင့်ပြုသည့်ဥပဒေတစ်ရပ်အား ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ကြောင့် ဥရုဂွေးနိုင်ငံရှိ ကက်သလစ်ဘာသာဝင်များအများစု နေထိုင်ရာ လက်တင်အမေရိကဒေသ၌ ဥပဒေပြုရေးနည်းလမ်းဖြင့်"အသက်သေဆုံးခွင့်"ကို ခွင့်ပြုသည့် ပထမဆုံးနိုင်ငံတစ်ခုဖြစ်လာခဲ့ပါသည်။

ဥရုဂွေးအထက်လွှတ်တော်သည် ၁၀ နာရီကြာဆွေးနွေးမှုများအပြီး၌"ဂုဏ်သိက္ခာရှိစွာ အသက်သေဆုံးခွင့်" ဥပဒေကြမ်းကို ထောက်ခံမဲ ၂၀ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါဥပဒေသည် ပြင်းထန်သော၊မပျောက်နိုင်သောရောဂါဝေဒနာကို ခံစားနေရသည့် လူနာများအတွက် ၎င်းတို့၏ဆန္ဒအရ ဘဝကိုအဆုံးသတ်နိုင်ရန် တရားဝင်လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ပါသည်။ တောင်းဆိုခွင့်ရှိသူများသည် စိတ်ပိုင်းဆိုင်ရာကျန်းမာပြီး ဆုံးဖြတ်နိုင်စွမ်းရှိသော အရွယ်ရောက်သူ (အသက် ၁၈ နှစ်အထက်)ဥရုဂွေးနိုင်ငံသားများ သို့မဟုတ် တရားဝင်နေထိုင်သူများဖြစ်ရပါမည်ဟု ဖော်ပြထားပါသည်။

ရောဂါကြောင့် မခံမရပ်နိုင်အောင် ဆိုးရွားသည့်ဝေဒနာအားခံစားနေရပြီး မပျောက်ကင်းနိုင်သော အခြေအနေတွင်ရှိရမည်ဖြစ်ကြောင်း၊ အဆိုပါဥပဒေမှာ အခြားနိုင်ငံများကဲ့သို့လူနာ၏အသက်ရှင်သန်ခွင့်သက်တမ်းကို ကန့်သတ်ထားခြင်းမရှိဘဲ၊ "မခံမရပ်နိုင်သောဝေဒနာ"ခံစားနေရမှုအပေါ် အဓိကထား စဉ်းစားရမည်ဖြစ်ကြောင်း၊ ဥပဒေအရ"ဂုဏ်သိက္ခာရှိစွာ အသက်သေဆုံးခွင့်"ကို ကျန်းမာရေးဝန်ထမ်းကသာ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အာဏာရ လက်ဝဲယိမ်း(Frente Amplio)အဖွဲ့၏ ဦးဆောင်ကြိုးပမ်းခဲ့သော အဆိုပါဥပဒေအား ဘာသာရေးအဖွဲ့အစည်း၏ အပြင်းအထန်ကန့်ကွက်မှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း မကြာသေးမီက

စစ်တမ်းများအရ ဥရုဂွေးပြည်သူ ၆၀ ရာခိုင်နှုန်းကျော်သည် အဆိုပါဥပဒေကို ထောက်ခံကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://colombiaone.com/2025/10/15/uruguay-euthanasia-law-first-latin-america/
- https://www.facebook.com/share/p/1ATztHFXXN/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၉ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

